နေကောင်းကောင်နီ
စိုးနိုင်
လင်းသုတ(ထီးချိုင့်)
နုရီ
နတ်ကလေး
လွမ်းမြတ်ဝေ(နေမြူ)
လင်းထက်(ပန်းပျိုးလက်)
ညီဆုံးသစ်
ပျူမခ(ကော့သောင်း)
ကဗျာရိပ်
တတိုင်းမွှေး
ယုံကြည်ရာ(သမန်းကုန်း)
ရင်ခက်ဆုံး(ညောင်ဦး)
နှင်းဆီမွှေး
ဆုံးလွင့်နွေ

# ရင်ချင်းစပ်မျိုးစေ့

ကဗျာစုစည်းမှု

ဟေမာန်ကို

# ရင်ချင်းစပ်မျိုးစေ့

ကမ္ဘာရယ်လို့တည်နေသရွေ့
နေ့ရယ် ညရယ်လို့
ကျောသား ရင်သား တွက်ချက်မနေဘဲ
ရင်ထဲ အသည်းထဲက
စေတနာအရင်းခံရင်း
မျိုးစေ့ကလေးတွေ ကြဲချ
သူတို့လေးတွေ လှုစေ။

လူ့ရယ်လို့ အမည်တပ် နေရသရွေ့
လောကီရယ် လောကုတ္တရာရယ်လို့၊
အဝိဇ္ဇာသား ဝိဇ္ဇာသား တွက်ချက်မနေဘဲ
သိစိတ်ထဲ မသိစိတ်ထဲက
ဥပေက္ခာပါရမီ အရင်းခံရင်း
မျိုးစေ့ကလေးတွေ ကြဲချ
သူတို့လေးတွေ လှစေ။
ဘဝတွေက အေးမယ် မဟုတ်ခဲ့ဘူးဆိုတာ
ကိုယ်သိ၊ သိနေလျက်နဲ့
ရင်းနှီးရာ ဘဝလေးတွေ အေးစေရည်ရွယ်ရင်း
ကိုယ့်စေတနာကို ဗဟိုချက်ထား
သွားရာလမ်းတိုင်း ပန်းတွေ မွှေးစေချင်ရဲ့။
ဒီလိုနဲ့ ....
ပါရမီတွေ ရင့်သထက် ရင့်ကျက်လာအောင်
အနုပညာဝမ်းတစ်ထွာထဲမှာ ကူးခတ်ရင်း
နင်းသမျှတိုင်းမှာ ခြေရာလှလှလေးတွေ ကျန်ရစ်ခဲ့ချင်တာ
ကျွန်မရဲ့ ဆန္ဒကလေးရယ်ပါ။ ။

ပေဟမာန်ကို

နေကောင်းကင်နီ

# လေဖောက်ချိုင့်များ

အမှန်တရားကို ဖိနပ်လုပ်စီး
ကောင်းကင်က အမည်းစက်တချို့ကို ခါချလိုက်တယ်
မြေတစ်မှုန်စာနဲ့ ညီခဲ့တဲ့ ကောက်ကြောင်း
အသိုင်းအဝိုင်းအပြင်ဘက် အဖီဆွဲ
လူနည်းစုရဲ့ အက်ကြောင်းတွေ
အို… အဖ ဘုရားသခင်
ကမ္ဘာမှာ သူတို့ခြေချစရာ နေရာရှိပါသေးရဲ့လား။

ရေတစ်ပွက်စာ အခန်းကဏ္ဍမှာ
ပခုံးနှစ်ဖက်ကြား ခေါင်းထွက်ခဲ့တာပါပဲ
စာနာ သနား ကရုဏာ တံခါးတွေ
ဘယ်အငြိုးနဲ့ သော့ပိတ်ထားမိပါသလဲ။

တစ်ဘဝစာ အလွဲများနဲ့ အတိတ်က ခါး ခါး
မျက်နှာသစ်ဖို့ မေ့နေတဲ့ ဘဝများ
ဆက်ကြောင်းအထပ်ထပ်နဲ့ ကန္တရ ပုံဆောင်ခဲတွေက
ရှန်းရင်းကန်ရင်း စာနာမှုက ခပ်ဆတ်ဆတ် ကွဲ။

ကိုယ့်ကိုယ်ကိုယ် စိုက်ပျိုးဖို့တောင် မတူးဆွနိုင်ခဲ့ဘူးလေ
ကံကြမ္မာက မာကျောပါတယ်
ဒီလိုနဲ့ နှလုံးသားတွေက နုနယ်ပြီးရင်း နုနယ်
လောကဓံအကြမ်းဖက်ခံလိုက်ရတဲ့ ဇာတ်က ထုသား ကျ
၂၃၁/၂ထက် ပိုစောင်းတဲ့ဘက်အောက်မှာ
မြေမြုပ်ခံရတဲ့ စိတ်ဓာတ်တွေက ဆက်ကာ ဆက်ကာ ထိငြိ ပိ။

ထားပါ
မြက်ခင်းတွေ ကမ္ဘာတစ်ဝက်ဆိုလည်း ရိတ်သင့်တာပါပဲ
ကပ်ပါးကောင်တွေရဲ့ သက်တမ်းက တစ်ရက်ပဲ ရှိသင့်တယ်
မရဏာဆီကို သွားမယ့် လမ်းမှာပဲ
ဆန်ပြုတ်ရေကျဲတစ်ခွက်အတွက်
အသက်တွေက ကျပ်သထက် ကျပ်။

ကြည့်ပါဦး
သက်တံရောင်တွေ မှုန်နေတဲ့ မျက်နှာပြင်တစ်ဖက်မှာ
သွေးစိမ်းရှင်ရှင်နဲ့ ပြည်တည်ဟောင်းလောင်းပေါက်တွေက
ယင်တလောင်းလောင်း
မျိုချလို့မရတဲ့ တွင်းထွက်တွေရဲ့ ရောင်ပြန်က
ကလေးတွေမှာ ကိုယ်လုံးတီး
ချမ်းလိုက်တာ
ခပ်ရဲရဲ ဆွဲထားတုန်းပဲ အအေးလွန်ပြီး သေ။

နေ့ဖို့ညစာ ဘရာဇီးကော်ဖီတစ်ခွက်ထက်
အမိုက်ပုံးထဲက အညှီအဟောက် အကြွင်းအကျန်က
အဆီရစ်စရာ တစ်နေ့လုံးစာလေ။

ဝုဏ်တွေ ဒြပ်တွေ အုတ်မြစ်ချနေတုန်းပေါ့
အမိုးအကာမဲ့ ဘဝတွေက ဟင်းလင်း
ပကာသနတွေ အလုပ်အဃက် ဖက်နေတုန်းပေါ့
လူမသိ သူမသိ နာရေးအတွင်းတွေက ပလူကို ပျံ့သထက် ပျံ့လို့။

ကိုယ်တိုင်လည်း သွေးအေးသတ္တဝါတစ်ကောင်ပါပဲ
မေတ္တာတရားကို ဆောင်းရာသီနဲ့ ထုပ်ပိုးဖို့
ဘယ်တော့မှ မပြင်ဆင်မိခဲ့ဘူး
ဒုက္ခတွေ ဆာလောင်သလို စားသုံးနေရတဲ့ ဘဝ
အညှီမရှိဘဲ ယင်အုံနေရတဲ့အဖြစ်က ရိုးရိုးလေးပါပဲ။

ရုပ်ဝတ္ထုတွေရဲ့အာဟာရအတွက်
စိတ်ဓာတ်တွေ ဘယ်လောက်များ
ကုပ်သွေးစုပ်ခံခဲ့ရပြီးပြီလဲဆိုတာ
တွေးရင်း တွေးရင်း
အတ္တလွန်ကမ္ဘာရဲ့ အတွင်းသဏ္ဍာန်က
အရောင်တင် ဆေးထိုး မီးမှုတ်နေသူတွေနဲ့
တန်းစီလို့သာ စည်ကားလို့နေလေရဲ့။

နေကောင်းကင်နီ

စိုးနိုင်

# အိမ်ဝေးငှက်လွမ်းချင်း

အချိန်အတက်ရှိတဲ့ တိုက်ပေါ်
ဝမ်းလျားမှောက် ပြုတ်ကျသလိုမျိုး
အိမ်ကို လွမ်းတဲ့အခါ
တော်တော်လေး နာကျင်ရပါတယ်။

နားခိုရာမဲ့ ငှက်တွေလို
အတောင်ကို မနားတမ်းခတ်ရင်း
မိသားစုဆိုတဲ့ ခေါင်းစီးမှာ
မောလို့ မောရမှန်း မသိ
ဒါပေမယ့် ....
လွမ်းပြီး လွမ်းနေရတာ တော့ သိတယ်။

ညီမလေးနဲ့ အမေ နေကောင်းရဲ့လား။
သားပို့တဲ့ ငွေရော လောက်ရဲ့လား။

စဉ်းစားမိတိုင်း
စိုးရိမ်ရေမှတ် မေးခွန်းတွေ
ထွက်ထွက်ကျ
တစ်ခါ တစ်ခါ အိမ်ကို
ပြေးပြေးလာချင်တာပဲ။

မိသားစုဓာတ်ပုံ အနွမ်းလေးထဲ
ပြုံးနေတဲ့ အဖေ့ဓာတ်ပုံမြင်ရတိုင်း
အဖေ့ကို စောစောဖယ်သွားတဲ့ သေမင်း
ကျွန်တော် အသေသတ်ချင်တယ်။

ဟိုတုန်းကလို
အဖေသာ ရှိရင် သိပ်ကောင်းမှာပဲ။

ဒါဆို
ကလေးနှစ်ယောက် အနာဂတ်အတွက်
အမေ ဈေးဗန်းနဲ့ ပြေးလွှားစရာ မလိုဘူး။

ပြီးတော့ ....
ဉမကွဲ သိုက်မပျက် မိသားစု
ဆည်းလည်းသံ တညံ့ညံ့
သီရိဂေဟာလေး ဖြစ်တည်မှာ။

အခုတော့ ....
သားနဲ့ အဖေနဲ့ ဝေး
သားနဲ့ အမေနဲ့ ဝေး
သားနဲ့ ညီမလေးနဲ့ ဝေး
ရေခြား မြေခြား
ငွေတွင်းနက်နက် နှိုက်ရင်း
အိမ်နဲ့ ပိုပိုဝေးလေခဲ့ရ
ဆွေးတယ်။

ဘာပဲဖြစ်ဖြစ်
မိသားစုအခြေတည်တော့မှ
ဒီငရဲက ပြန်ထွက်လာခဲ့မယ်။
မေ့မသွားနဲ့ အိမ်ကလေးရေ ....
ဆက်ဆက်ကြိုနေပါ။

အမေနဲ့ ညီမလေးရေ....
ဆက်ဆက်ကြိုနေပါ။

သား
ဒီမှာ ဆေးခါးကြီး ကျိတ်မျိုချနေတာ
အမေတို့
အိမ်မှာ ကျန်းမာစေဖို့ပါ။ ။

စိုးနိုင်

လင်းသုတ(ထီးချိုင့်)

# မိုးရွာတဲ့နေ့က ထီးမဆောင်းဖြစ်ခဲ့ဘူး

ချိုမြိန်မယ့်အထင်နဲ့
လှမ်းဆွတ်လိုက်တဲ့ သစ်သီးမှာ
အနာအဆာနည်းနည်း ပါတယ်။

သမ္မာအာဇီဝ စဉ်းလဲခြင်းတို့
မြွေမြွေချင်းတော့ ခြေမြင်နေကြ။

ဆေးဆိုးပန်းရိုက် မာယာတွေထဲ
မုသားက ထည်လဲသုံး ဖြစ်ခဲ့။

မိုးရွာတဲ့ နေ့က ထီးမဆောင်းတော့
တစ်ကိုယ်လုံး ရွဲရွဲစို။

အဲဒီ လို သဟဇာတ မဖြစ်တဲ့ နေ့က
အကုသိုလ် ရနံ့ သင်းသင်းပျံ့ပျံ့
သီလစောင့်ဖို့ အူမကို လောင်စာဖြည့်ခဲ့
ထီးသုံး နန်းသုံး စကားတို့နဲ့
ဝ မရှိဘဲ ဝိလုပ်ချင်သူတို့ကြား
ခန္တီစတရားမှာ ကွန်ရက်တွေ ရှိနေ။

တောမဟုတ်ဘဲ တောမှောက်နေကြ
တောခြောက်ခံနေကြရ။

ကျီးလန့်စာစား လောကဓံတရားထဲ
မသတီစရာ အပြုံးတုတွေနဲ့
မက်လုံးပေး ချွေးသိပ်နေသူတို့ကြား
ကိုယ့်ဝပ်ကျင်းမှာ ကိုယ့်အမှန်တရားနဲ့
နေသားတကျ ရှိနေခဲ့လေရဲ့။

လင်းသုတ (ထီးချိုင့်)

# ပြိုင်ပွဲ

မသိခြင်းဆိုတာ
သင်္ချိုင်္ဂီရင်္ချိုက်
သင်္ဂီရ၄က်တစ်ကောင်ရဲ့
ရှေ့တက် နယ်ရုပ်တစ်ရုပ်လေး တစ်ခုလို
ဆော့ချီကိုက်ကစားရာ ကျေးကျွန်ပေါ့။

အချိုးအဆစ်
ဘဝလှေကားက
တစ်ဖက်က ကြည့်ရင် ညာ တစ်ဖက်က ကြည့်ရင် ဘယ်
အထက်က ကြည့်ရင် အောက် အောက်က ကြည့်ရင် အထက်
သရီးဒိုင်မေးရှင်းထဲ ပါဝါမတူညီကြဘူးလေ။

ရိုက်ပုတ်ခံလိုက်ရတဲ့ လောကဓံအပင့်မှာ
နိုင်ပွဲတစ်ခုအတွက် အားကုန်ပြေးလိမ့်မယ်
ယှဉ်နိုင်ချင်လို့တော့ မဟုတ်ဘူး။

အတ္တအထပ်ထပ်နဲ့ပုထုဇဉ် အကျဉ်းထဲ
ခေါင်းအောက်စိုက်မိလို့အကြောက်တရားနဲ့
နာခံမိသွားတာတော့ မဟုတ်ခဲ့ဘူး။

အမှန်တရားတွေ နစ်မြုပ်သွားလို့
အမှားတွေ ပေါ်လောပေါ်နေမှာတော့ မဟုတ်ဘူး။

ဝပ်ကျင်းတစ်ခုရဲ့ချောင်တစ်ချောင်မှာ
ငြိမ်သက်နေတာ
ကြောက်လို့မဟုတ်ဘူး။

အဆမတန်လို့ညွှတ်ကျသွားတာ
အညံ့ခံ ခယလိုက်တာတော့ မဟုတ်ဘူး။

စက်ဝိုင်းတစ်ခုရဲ့အကွေ့အပတ်မှာ
စက္ကန့်ဝက် လက်မြှောက်လိုက်တာ
မနိုင်လို့မဟုတ်ဘူး။

လက်ညှစ်သံတွေ တဖျစ်ဖျစ်မည်နေလို့
အာဃာတတွေ တောက်လောင်နေပြီ မထင်လိုက်ပါနဲ့
လေဟာနယ်တွေကို အစိုင်အခဲအသွင် ပြောင်းနေတာပါ။

လှိုက်တက်လာတဲ့ မျက်ရည်စ
နှုတ်ခမ်း တဆတ်ဆတ် တုန်ခါနေလို့
ပါးရိုးနားက အကြောမြောင်းလိုက် ထောင်တက်လာလို့
ရှိန် ဖိန် စိုးရွံ့နေတာ မဟုတ်ဘူး။

ရေချိုထဲက ပင်လယ်တစ်ကွက်  အန်ထုတ်မိတယ်
ထောင်းခနဲ သန့်စင်လာတယ်
သွေးကြောထဲက ချီတက်လာတဲ့
လွတ်ခနဲ မာန်ကို တားဖို့
ဒဿတပ်စိတ် တစ်ကျိပ်လောက်တော့ လိုမယ်။
ဇာတ်ဆရာရေးတဲ့ ဇရုတ်သုတ်ခ ပန်းချီကားထဲ
ဖုတ်အသေကောင်လို သွတ်သွင်းခံရလည်း
အမည်မဲ့ လေက
အရောင်မဆိုးမချင်း လေနီ
ခေါင်းစဉ်မတပ်မချင်း မုန်တိုင်း။

တကယ်တော့ ရှင်သန်ခြင်းဆိုတာ
အနိစ္စဘဝတွေထဲက
အသချေ လျှောက်လမ်းပေါ်
ခဏ ခဏ ထခြံ့ရတဲ့ အေးစက်စက်ခြံ့စောင်တစ်ထည်ပေါ့။

ပဋိစ္စသမုပ္ပါဒ် ကွန်ရက်ထဲ
ခြေအနုတ် ခြေအသိမ်း အောင်မြင်မှုနဲ့
ကြယ်တာရာ အရေးအကြောင်း ရေတွက်ဖို့
လာပါ.... အဖော်ဖော်။

စည်းရိုးရံ မာယာတံတိုင်းများတဲ့
တိုင်စင်ပေါ်က ပရိယာယ်ဘဝကို
ခိုင်မာတဲ့ အုတ်မြစ် တံခွန်ထူရင်း အောင်လံစိုက်ဖို့
ပြိုင်ပွဲဝင်လို့ ပန်း တိုင် အရောက်သွားရအောင်။

နရီ

နတ်ကလေး

# ငြိမ်းချမ်းရေး

ကင်မရာမီး 'ဖျတ်ကနဲ' လင်းလိုက်တဲ့ တစ်ခဏ
လက်ညှိုးနဲ့ လက်ခလယ်က အော်တိုထောင်တက်သွားတယ်။

'ပီ – အိုး – အေ – စီ – အီး' .... 'ပိစ်'
'ဒီကို နည်းနည်းလောက်'
'ကျုပ်လည်း လိုချင်တယ်'
'ကျွန်မကိုလည်း ပေးပါ'။

'ရော့ အင့်'
အစစ်ပဲ ပေး ပေး အင်ပဲ ထု ထု
ကိုယ့်အတ္တ ကိုယ် ထိုင်များကြည့်တော့
'ဘိုဟီးမီးယမ်း' ဆန်ဆန် အတွေးတွေက
ဝေ့ခနဲ အာခေါင်ကို လက်ညှိုးနဲ့ထိုး
အန်ထွက်လာတဲ့ 'အင်ပျူရတီ' တိုင်းမှာ သူပါနေတယ်။

သူ့အတွက်

'ဒိုင်း' ခနဲ ပစ်ဖို့ လက်ဖြောင့်တပ်သား မလို

စကြီ ကောင်းကောင်းလျှောက်နိုင်ဖို့ မျက်ခုံးမွေး မလို

သွေးဆောင်ဖြားယောင်းဖို့ ဆက်ဆီဆန်တဲ့

လစ်ဂ်ဂလို့စ် မလို ကြောက်ပါပြီအော်ဖို့

လက်နှစ်ဖက်မြှောက်စရာ မလို

တစ်ခုတော့ ရှိတယ် တစ်ဝက်

ငါ့ကို ပေးဖို့မလို

မလို ... မလို ... မလို ... ဘာဆို ဘာမှ မလို။

ဘာမှမလိုတာကိုပဲ သူလိုနေတာ

ဟုတ်တယ်

အပြုံးစစ်စစ်တစ်ပွင့် သူလိုတယ်

အောက်ချင်းငှက်ရဲ့သစ္စာတရားကို သူလိုတယ်

မသာထရီဇာရဲ့လက်တစ်ဖက် သူလိုတယ်

အတုတွေကို လက်ညှိုးငေါက်ငေါက်ထိုးဖို့အစစ်တွေကို သူလိုတယ်

သေခြင်းတရားကို လည်ပင်းဖက်ပေါင်းဖို့ 'မရဏနုဿတိ' သူလိုတယ်

လိုတယ်... လိုတယ်..လိုတယ်... လိုနေတာကိုပဲ မလိုတော့တာ။

သူ့ကိုသူ ပြန်လိုအပ်နေသလိုမျိုး
သူ့ကို သူတို့ လိုအပ်တယ်
သူဟာ အနာဂတ်အတွက် 'အလင်းရောင်'
ဘဝပေါင်းများစွာရဲ့ 'ကယ်တင်ရှင်'
သူ့ရင်ငွေ့မှာ ပေါင်မုန့်ကလေးတွေ
ခိုလှုံနေတယ်
သူ့နားစည်မှာ
'တချင်ချင်' သံတွေ ရိုက်ခတ်နေတယ်
သူ့နှုတ်ခမ်းမှာ 'ဒိုင်း' ခနဲ 'အား' ခနဲ
အသံတွေ ကိန်းဝပ်နေတယ်
သူဟာ ကတ္တားဖြစ်စေ ကံဖြစ်စေ
ပြဒါးဖြစ်စေ သံဖြစ်စေ
တစ်လမ်းတည်းပဲ သူသွားချင်တယ်
အဲဒီ လမ်းမှာ ပန်းတွေ ခင်း မခင်းဆိုတာကတော့
အဘိဓမ္မာဆရာတွေကိုသာ မေးကြည့်ပါတော့။ ။

နတ်ကလေး